# Jinghpaw Wunpawng Amyu Sha Hpung
# Kachin National Organization

Email: info@kachinland.org, Website: www.kachinland.org


## ပြည်တွင်းစစ်ကိုဖြစ်ပေါ်စေသည့်ကြံ့ဖွံ့အစိုးရ၏အပစ်ရပ်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပေါ် ထိုးစစ်ဆင်တိုက်ခိုက်ခြင်းကို ပြင်းထန်စွာ ရှုံ့ချခြင်း

ရက်စွဲ။ ။ ဇွန်လ ၁၃ ၂၀၁၁

မြန်မာနိုင်ငံ၏နိုင်ငံရေးပြဿနာဇစ်မြစ်သည်တိုင်းရင်းသားများ၏တန်းတူအခွင့်အရေးကိုလျစ်လျူရှုမှုဖြစ်သည်။ စစ်အာဏာရှင်စနစ်သည်မိမိပြည်သူကိုပင်ရန်သူကဲ့သို့သဘောထားဆက်ဆံခြင်းဖြင့်နိုင်ငံတော်အာဏာကိုတာရည်စွဲကိုင်ထားသည်။ မြန်မာပြည် ပဋိပက္ခကို ဖြေရှင်းရန်တစ်ခုတည်းသော နည်းလမ်းမှာ အဓိပ္ပါယ်ရှိသော၊ အားလုံးပူးပေါင်းပါဝင်နိုင်သော တွေ့ဆုံဆွေးနွေးမှုသာဖြစ်သည်။ စစ်ရေးဖြင့်ဖြေရှင်းနိုင်မည် မဟုတ်ပါ။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုဖယ်ရှားရန်ကြံ့ဖွံ့အစိုးရ၏လတ်တလောထိုးစစ်ဆင်တိုက်ခိုက်မှုသည်နိုင်ငံတကာအသိုင်းအဝန်း၊တိုင်းရင်းသားလူမျိုးစုများ၊ဒေါ်အောင်ဆန်းစုကြည်နှင့်မြန်မာ့ဒီမိုကရေစီအတိုက်အခံများတောင်းဆိုနေသည့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုဖြင့် အဖြေရှာရေးကို အတိအလင်း လျစ်လျူရှုလိုက်ခြင်းဖြစ်သည်။ဤသို့သောပြဿနာရှာတိုက်ခိုက်လာမှုသည်ကချင်လွတ်မြောက်ရေးနှင့်(၁၇)နှစ်တာအပြစ်အခတ်ရပ်စဲရေး၊ရှမ်းပြည်တပ်မတော်မြောက်ပိုင်းနှင့်(၂၂)နှစ်အပစ်အခတ်ရပ်စဲရေးကိုအဆုံးသတ်လိုက်ခြင်းဖြစ်သည်။ခါးသီးသော ပြည်တွင်းစစ်ကို ပြန်လည်စတင်ခြင်းသည် မည်သည့်ကောင်းကျိုးကိုမျှ ဖော်ဆောင်မည်မဟုတ်ဘဲ ပြည်သူပြည်သားများ၏အသက်၊ အိုးအိမ် စည်းစိမ်ကိုပျက်စီးစေ၍ လူမှုဒုက္ခအဖုံဖုံကို ဖြစ်ပေါ်စေမည်။

ထို့ကြောင့်ကျနုပ်တို့ကချင်အမျိုးသားအစည်းအရုံးသည်ပြည်တွင်းစစ်ကိုတစ်ဖန်ပြန်လည်ဦးတည့်စေသည့် ကချင်လွတ်မြောက်ရေးတပ်မတော်နှင့် ရှမ်းပြည်တပ်မတော် မြောက်ပိုင်းအား တိုက်ခိုက်ခြင်းကို ပြင်းထန်စွာ ရှုံ့ချသည်။

မြန်မာကြံ့ဖွံ့အစိုးရတပ်မှထိုးစစ်ဆင်တိုက်ခိုက်မှုကိုချက်ခြင်းရပ်တန့်၍တိုင်းရင်းလက်နက်ကိုင်အဖွဲ့အစည်းများနှင့်တစ်နိုင်ငံလုံးအတိုင်းအတာ အပြစ်အခတ် ရပ်စဲမှုပြုလုပ်ရန် တောင်းဆိုပါသည်။

ကုလသမ္မဂ္ဂလုံခြုံရေးကောင်စီအနေဖြင့်လူမှုဆိုးကျိုးအထွေထွေဖြစ်စေမည့်ထိုးစစ်ဆင်တိုက်ခိုက်မှုကို ကန့်ကွက်၍ ကာကွယ်မှုဆိုင်ရာတာဝန်ယူမှု့ မှု (Responsibility to Protect- R2P)ကို လက်တွေ့အကောင်အထည်ဖေါ်ကျင့်သုံးရန်တောင်းဆိုအပ်သည်။နိုင်ငံတကာအသိုင်းအဝန်းအနေဖြင့်လည်းလူသားခြင်းစာနာမှုအထောက်အပံ့နှင့်စစ်ကြောင့်မိမိနေရပ်ကိုထွက်ပြေးတိမ်းရှောင်နေရသောအပစ်မဲ့ပြည်သူများအား အကာအကွယ်နှင့် ကူညီထောက်ပံ့မှုပေးရန် တောင်းဆိုအပ်ပါသည်။

အိမ်နီးခြင်းနိုင်ငံများဖြစ်သော တရုပ်၊ အိန္ဒိယ နှင့် အာဆီယံ နိုင်ငံများအနေဖြင့်လည်း မြန်မာနိုင်ငံသူ၊သား များ မျှော်လင့်နေသော ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် လျင်မြန်စွာ စစ်မှန်သော ပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် ပြင်းထန်သော ဖိအားများပေးရန် တောင်းဆိုအပ်ပါသည်။




**UK Office:**
Tel: 44 – 753 825 8961
Tel : 44 – 759 576 3340
Fax: 44-208 568 2246,
Email: knoffice_uk@yahoo.com
Fax: (443) 283.4016

**Thailand Office:**
Email: kno_office@yahoo.com

**India Office:**
Email:kno_India@yahoo.com

**USA Office:**
5842 Stevens Forest Rd. #23
Columbia, MD 21034
USA
Email: kno_usa@yahoo.com

**Denmark Office:**
Tel: (45) 7543 7227
Email:knodk@yahoo.co.uk

**Japan Office:**
Tel: 090-4076-5679
Email: kno5japan@yahoo.com

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏တူညီသောပန်းတိုင်သည်ဒီမိုကရေစီရရှိရေး၊တန်းတူအခွင့်အရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးဖြစ်သည်။စစ်မှန်သောဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီးတည်ဆောက်ခြင်းဖြင့်သာလျှင်ဤပန်းတိုင်သို့ရောက်ရှိနိုင်မည်ဖြစ်သည်။ထိုသို့ရရှိရန်ပူးပေါင်းဆောင်ရွက်မှုနှင့်အပြန်အလှန်ပံ့ပိုးကူညီမှုစိတ်ဓာတ်သည် ယခင်ကထက် ပိုမို လိုအပ်သည်။

ဤသို့သော အခက်အခဲများနှင့် ရင်ဆိုင်နေရချိန်၌ မြန်မာ့နိုင်ငံရေးတွင် ဘုံရည်ရွယ်ချက်ပါဝင်ကြိုးပမ်းနေသောအဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်တိုင်းသည်အားသစ်များ ထပ်မံလောင်း၍ စစ်အုပ်စု၏ အုပ်ချုပ်မှုယန္တယားကိုဖယ်ရှားဖို့ရန်တူညီသောပန်းတိုင်တစ်ခုချမှတ်၍ထိရောက်သည့်နိုင်ငံရေးနည်းပရိယာယ်များရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရမည့် အချိန်ဖြစ်သည်။ ဘုံရန်သူစစ်အုပ်စုကို တိုက်ထုတ်ဖို့ရန် အတူတကွ လက်တွဲ၍ ခိုင်မာစွာရပ်တည်သွားကြပါစို့။

ဗဟိုကော်မတီ
ကချင်အမျိုးသားကောင်စီ (ကေအန်စီ)
ကချင်အမျိုးသားအစည်းအရုံး (ကေအန်အို)

ဆက်သွယ်ရန်
၁။ ဒူဝါ ဘွန်ဝမ်လရော်၊ ဥက္ကဋ္ဌ (+၈၆ ၁၃၅၃ ၄၃၈၁ ၉၆၉)
၂။ ဒူဝါ မခေါ်ခွန်ဆာ ၊ အထွေထွေအတွင်းရေးမှူး (+၄၄ ၇၈၂၈ ၂၆၈၈ ၀၁)



**UK Office:**
Tel: 44 – 753 825 8961
Tel : 44 – 759 576 3340
Fax: 44-208 568 2246,
Email: knoffice_uk@yahoo.com
Fax: (443) 283.4016

**Thailand Office:**
Email: kno_office@yahoo.com

**India Office:**
Email:kno_India@yahoo.com

**USA Office:**
5842 Stevens Forest Rd. #23
Columbia, MD 21034
USA
Email: kno_usa@yahoo.com

**Denmark Office:**
Tel: (45) 7543 7227
Email:knodk@yahoo.co.uk

**Japan Office:**
Tel: 090-4076-5679
Email: kno5japan@yahoo.com